# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

November 6, 2019 Volume 25, Number 4


**၆.၁၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၁၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၀၄၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၆/- ကျပ် |
| CBM Rate | = ၁၅၁၃.၂ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၈.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၄.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၅၀.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၄.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၂၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၃၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၇၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၈၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၉၄၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ရေထွက်ပစ္စည်းများကို Food safety ဖြင့် ထုတ်လုပ်နိုင်ပါက နိုင်ငံတကာဈေးကွက်သို့ အချိန်မရွေးရောင်းချနိုင်ပြီး မြန်မာ့စီးပွားရေး အလားအလာမြင့်နိုင်

ရေထွက်ပစ္စည်းများကို ဘေးကင်းလုံးခြုံစွာ (Food safety) ထုတ်လုပ်နိုင်ပါက နိုင်ငံ တကာဈေးကွက်သို့ အချိန်မရွေးရောင်းချနိုင်ပြီး ငါးလုပ်ငန်းကဏ္ဍတက်လာပါက နှစ်အနည်းငယ်အတွင်း မြန်မာ့စီးပွားရေး အလားအလာမြင့်နိုင်ကြောင်း ငါးလုပ်ငန်း အဖွဲ့ချုပ်၊ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တိုးနန္ဒာတင်က မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။ "food safety" နဲ့ ထုတ်လုပ်မယ်ဆိုရင် ရေထွက်ကုန်ပစ္စည်းသည် နိုင်ငံတကာကို အချိန်မရွေးပို့နိုင်တဲ့ နိုင်ငံတကာကိုရောင်းနိုင်တဲ့ အတွက်ကြောင့် လက်ရှိလုပ်ကိုင်နေတဲ့ ငါးလုပ်ငန်းကို အစိုးရဘက်ကလည်း ပံ့ပိုး ကူညီပြီးတော့ ဒီ sector ကြီးတစ်ခုလုံးတက်သွားလို့ရှိရင် နှစ်အနည်းငယ်အတွင်းမှာ မြန်မာနိုင်ငံသည် အများကြီးတက်သွားမယ်" ဟု ၎င်းကပြောသည်။

အစိုးရအနေဖြင့် ငါးလုပ်ငန်းကဏ္ဍအတွက် ပြည်တွင်းစီးပွားရေးသမားများ ဘဏ်ချေးငွေများအလွယ်တကူရရှိရေးအတွက် အဓိကထားလုပ်ဆောင်ပေးမည်ဆိုပါက ယင်းကဏ္ဍများတစ်ဟုန်ထိုး ထိုးတက်သွားမည့်အပြင် နိုင်ငံစီးပွားရေးပါ မြင့်တက်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ယင်းအပြင် မြန်မာနိုင်ငံရှိ ငါးမွေးမြူရေးကန်များပေါ်တွင် ကြက်ခြံများ အခိုင်အမာတည်ဆောက်၍ ကြက်နှင့်ငါး တွဲဖက်မွေးမြူရေးကို ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများတွင် ပြည်ပနိုင်ငံသားများနှင့် ဆက်စပ်သူများ ၈၀ ရာခိုင်နှုန်းခန့် ပါဝင်ဆောင်ရွက်လျက်ရှိကြပြီး ယင်းငါးမွေးမြူရေး ကန်များပေါ်တွင် ကြက်ခြံများဆောက်၍ ကြက်/ငါးတွဲဖက်မွေးမြူရေးကို အမိန့်၊ ညွှန်ကြားချက်များထုတ်၍ တားမြစ်သင့်ကြောင်း ၎င်းကဆိုသည်။

ယင်းအပြင် ရေထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရာတွင် အခက်အခဲများရှိပြီး ပြည်တွင်းစားသုံးမှုတွင်လည်း Food safety နှင့် မညီညွတ်သောကြောင့် စားသုံးရန် မသင့်သဖြင့် ရေရှည်တွင် National Aquaculture Development အစီအစဉ်များအပေါ် ထိခိုက် နိုင်ကြောင်း မကြာခင်ရက်ပိုင်းပြုလုပ်ခဲ့သည့် ဒုသမ္မတ ဦးမြင့်ဆွေ၊ သက်ဆိုင်ရာ ဝန်ကြီးနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် ၎င်းကတင်ပြ ပြောဆိုခဲ့ဟုဆိုသည်။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေး ဩဂုတ်လအထိ ရေထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၇၅ ဒသမ ၁၁၃ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး စာရင်းဇယားများအရသိရသည်။

**Source:** https://myanmar.mmtimes.com/news/130493.html

## ယူရိုဇုန်၏ စီးပွားရေး အရှိန်အဟုန် လျော့ကျနေပြီး စီးပွားရေးတိုးတက်မှုတွင် ပြင်သစ်နိုင်ငံဦးဆောင်လျက်ရှိ

ဥရောပကော်မရှင်မှ ထုတ်ပြန်ခဲ့သည့် စာရင်းများအရ ယူရိုဇုန်၏ စီးပွားရေး အလားအလာသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် ကျဆင်းခဲ့ကြောင်း၊ စီးပွားရေး ကျဆင်းမှု၏ အဓိကအကြောင်းအရင်းမှာ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ကျဆင်းခဲ့၍ ဖြစ်ကြောင်း သိရှိရပါသည်။ ဝန်ဆောင်မှုကဏ္ဍမှာမူ ပြီးခဲ့သည့် စက်တင်ဘာလနှင့် အောက်တိုဘာလတွင် တိုးတက်မှုရှိခဲ့သော်လည်း ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလနောက်ပိုင်း အနိမ့်ဆုံး အဆင့်ဖြင့် ရပ်တည်နေခြင်းဖြစ်ပြီး၊ ဝန်ဆောင်မှုကဏ္ဍမှာ ယူရိုဇုန်စီးပွားရေး၏ သုံးပုံနှစ်ပုံကို ကိုယ်စားပြုကြောင်းလည်း သိရပါသည်။ ယူရိုဇုန်၏ စီးပွားရေးနှေးကွေးလျက်ရှိသဖြင့် ပို့ကုန်အပေါ်အဓိကမှီခိုအားထားရသည့် ဂျာမနီနိုင်ငံ၏ စီးပွားရေးသည် ဖိအားများ အောက်တွင် ကျရောက်နေကြောင်း၊ ပြင်သစ်နိုင်ငံအစိုးရအနေဖြင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုရန်အတွက် ယူရိုငွေ ၁၀ ဘီလီယံကို စီးပွားရေးလှုံ့ဆော်ရန်အတွက် အစိုးရ၏ ဆောင်ရွက်ချက်အဖြစ် ထည့်ဝင်အသုံးပြုထားကြောင်း၊ ဂျာမနီနိုင်ငံ၏ စီးပွားရေးအလားအလာမှာ ၂ လဆက်တိုက်ကျဆင်းခဲ့ပြီး၊ (၆) နှစ်ကျော်ကာလအတွင်း ၎င်း၏ စီးပွားရေးမှာ အနိမ့်ဆုံးအဆင့်ဖြစ်ကြောင်းလည်း သိရှိရပါသည်။ ဂျာမနီနိုင်ငံသည် ပို့ကုန်အသားပေးစီးပွားရေးဖြစ်သည်နှင့်အညီ ၎င်း၏ စီးပွားရေးတိုးတက်မှုမှာ ဆယ်စုနှစ်တစ်ခုနီးပါကြာ တရုတ်နှင့် အမေရိကန်နိုင်ငံတို့၏ တိုးတက်မှုအပေါ်များစွာ အားထားနေရခြင်းဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ဂျာမနီ၏ စီးပွားရေးတိုးတက်မှုမှာ ၀.၅ ရာခိုင်နှုန်းအောက်တွင်ရှိနေပြီး၊ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က တိုးတက်မှု ၂.၀ ရာခိုင်နှုန်းထက် ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံ၏ စီးပွားရေးအလားအလာမှာ ၂၀၁၉ ခုနှစ်အတွက် အခွန်ဖြတ်တောက်မှု ယူရို ၁၀ ဘီလီယံ ကတိကဝတ်နှင့်အတူ ယူရိုဇုန်၏ ပျမ်းမျှ တိုးတက်မှု နှုန်းထက်ကျော်လွန်နေဆဲဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ တတိယသုံးလပတ်တွင် ပြင်သစ်နိုင်ငံ၏ အမျိုးသားထုတ်လုပ်မှုမှာ ၀.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ချိန်တွင် ဒုတိယသုံးလပတ်ကာလ အတွက် ဂျာမနီနိုင်ငံ၏ စီးပွားရေးသည် ၀.၁ ရာခိုင်နှုန်းဖြင့် ကျဆင်းခဲ့ကြောင်းလည်း သိရှိရပါသည်။ ဥရောပဗဟိုဘဏ်၏ ဥက္ကဋ္ဌသစ်ဖြစ်သူ Christine Lagarde က ယခင်ဥက္ကဋ္ဌဟောင်းဖြစ်သူ Mario Draghi ပြောကြားခဲ့သကဲ့သို့ နယ်သာလန်နှင့် ဂျာမနီနိုင်ငံတို့အနေဖြင့် ဘတ်ဂျက် တိုးမြှင့်သည့် မူဝါဒအားကျင့်သုံးဆောင်ရွက်ရန် တောင်းဆိုမှုပြုလုပ်ခဲ့ကြောင်း၊ စီးပွားရေးကို ပြန်လည်ချိန်ညှိနိုင်ရန်အတွက် တီထွင် ဆန်းသစ်မှု၊ ပညာရေးနှင့် အခြေခံအဆောက်အအုံပိုင်းတို့တွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားရန် ၎င်းက ပြောကြား ထားကြောင်း၊ အလုပ်လက်မဲ့နှုန်းတွင်မူ ဂျာမနီနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းထားမှာ ၃.၁ ရာခိုင်နှုန်းရှိပြီး၊ ပြင်သစ်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ၈.၅ ရာခိုင်နှုန်းရှိကြောင်းနှင့် ယင်းမှာနှစ်နိုင်ငံစလုံးအတွက် စံချိန်တင်ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## ဂျာမနီဝန်ကြီးချုပ်၏ အိန္ဒိယနိုင်ငံ ခရီးစဉ်အတွင်း ကုန်သွယ်မှုမြှင့်တင်နိုင်ရေး ရည်ရွယ်

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးရန်အတွက် ဂျာမနီနိုင်ငံဝန်ကြီးချုပ် အိန်ဂျလာ မာကယ်သည် ဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များလိုက်ပါလျက် အိန္ဒိယနိုင်ငံသို့ သုံးရက်ကြာခရီးစဉ် ရောက်ရှိ နေခြင်းဖြစ်ပြီး၊ ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရင်ဒြာမိုဒီနှင့်တွေ့ဆုံ၍ အိန္ဒိယနိုင်ငံနှင့်ဂျာမနီနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေးတိုးမြှင့်နိုင်ရေးကိစ္စရပ်နှင့် အီးယူ-အိန္ဒိယ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံနှင့်ကုန်သွယ်မှုမှာ ဂျာမနီနိုင်ငံ စုစုပေါင်း ပြည်ပကုန်သွယ်မှု၏ ၁ ရာခိုင်နှုန်းအောက်တွင်သာရှိနေပြီး၊ ဂျာမနီနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကအားဖြင့် စက်နှင့်စက်ပစ္စည်း များတင်ပို့၍ အိန္ဒိယနိုင်ငံမှ ဂျာမနီနိုင်ငံသို့ အဓိကတင်ပို့သည့်ပို့ကုန်မှာ အထည်အလိပ်များဖြစ်ကြောင်းလည်း သိရပါသည်။ အိန္ဒိယနိုင်ငံနှင့် စီးပွားဆက်ဆံရေးမှာ တိုးတက်မှုရှိခဲ့သည်ဟုဆိုနိုင်မည်ဖြစ်ပြီး၊ ထပ်မံ၍ တိုးတက်အောင် ပြုလုပ်နိုင်မည် ဖြစ်ကြောင်း ဂျာမနီနိုင်ငံဝန်ကြီးချုပ်မာကယ်လ်က ပြောကြားခဲ့ကြောင်းလည်းသိရှိရပါသည်။ ဂျာမနီဝန်ကြီးချုပ်၏ အိန္ဒိယ နိုင်ငံသို့ ခရီးစဉ်အတွင်း နိုင်ငံခြားရေးဝန်ကြီး၊ ပညာရေးဝန်ကြီးနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးတို့လည်း လိုက်ပါခဲ့ပြီး၊ နှစ်နိုင်ငံ အကြား ဉာဏ်ရည်တု၊ မြို့ပြရွေ့ပြောင်းနိုင်မှု၊ ပြတိုက်များအပြန်အလှန်ဖလှယ်ခြင်းအစီအစဉ်နှင့် နှစ်နိုင်ငံဘာ ဘောလုံး အဖွဲ့ချုပ်များအကြား သဘောတူညီချက်တို့အပါအဝင် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် (၂၀)ခန့်ကို လက်မှတ် ရေးထိုးခြင်း အစီအစဉ်လည်းပါဝင်ကြောင်းသိရှိရပါသည်။ ဂျာမနီနိုင်ငံ၏ စီးပွားရေးသည် အီးယူ-အိန္ဒိယ လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်ဆိုင်ရာ ဆွေးနွေးပွဲများပြန်လည်စတင်မှုကို လိုလားလျက်ရှိနေကြောင်း ဂျာမနီနိုင်ငံ၊ ကုန်သည် များနှင့် စက်မှုလုပ်ငန်းအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Eric Schweitzer က ဂျာမနီနိုင်ငံဝန်ကြီးချုပ်၏ အိန္ဒိယနိုင်ငံခရီးစဉ်မတိုင်မီ ပြောကြားခဲ့ကြောင်း၊ အီးယူ-အိန္ဒိယ လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်အပေါ် ဆွေးနွေးမှုများသည် ၂၀၁၃ ခုနှစ် ကတည်းက ရပ်တန့်နေခဲ့ခြင်းဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု

အကာအကွယ်ပေးရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးမည့်အစီအစဉ်အား ရုပ်သိမ်းခဲ့မှုကြောင့် ဂျာမန်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စီးပွားရေးအရွယ်အစားကြီးမားသော်လည်း အိန္ဒိယနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိုးရိမ်မှုရှိကြခြင်းဖြစ်ကြောင်းလည်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ဘာရပ်ဆဲလ်**

## Brexit သက်တမ်းတိုးခြင်းအပေါ် ဂျာမနီစီးပွားရေးလုပ်ငန်းများ စိုးရိမ်လျက်ရှိ

ဗြိတိန်ခွဲထွက်မှုကိစ္စရပ် (Brexit )ကာလထပ်မံသက်တမ်းတိုးခဲ့ခြင်းကြောင့် မသေချာ မရေရာမှုများ ဖြစ်ပေါ်စေခဲ့ကာ ဂျာမနီနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအား စိုးရိမ်မှုဖြစ်ပေါ်စေခဲ့ကြောင်း သိရှိရပါသည်။ အီးယူအဖွဲ့ဝင်နိုင်ငံများအနေဖြင့် Brexit အား ထပ်မံ ရွှေ့ဆိုင်းထားရန် သဘောတူညီခဲ့မှုကို အောက်တိုဘာလ ၂၈ ရက်နေ့က ဥရောပကောင်စီ ဥက္ကဋ္ဌ Donald Tusk က အတည်ပြုပြောကြားခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ သက်တမ်းတိုးမှုကိစ္စရပ်မှာ အဆုံးသတ်ရန်လိုအပ်ပြီဖြစ်ကြောင်း၊ Brexit ဆွေးနွေးမှုများ အချိန်ကြာမြင့်စွာဖြစ်ပေါ်နေမှုသည် ဗြိတိန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား စီးပွားရေးဆက်ဆံမှုအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့ပြီးဖြစ်ကြောင်း၊ ဗြိတိန်ခွဲထွက်မှုကိစ္စရပ်အစပြုခဲ့သည့် ၂၀၁၆ ခုနှစ်ကတည်းကစတင်၍ ဗြိတိန်နိုင်ငံသည် ဂျာမနီနိုင်ငံ၏ အရေးအပါဆုံး ကုန်သွယ်ဖက်နိုင်ငံများတွင် အဆင့်(၅)နေရာမှ အဆင့်(၇)နေရာသို့ ကျဆင်းခဲ့ကြောင်း၊ Brexit အချိန် ကြန့်ကြာသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းများအတွက် ပိုမိုဆိုးကျိုးသက်ရောက် စေမည်ဖြစ်သည်ဟု ဂျာမနီနိုင်ငံ၊ ကုန်သည်များနှင့်စက်မှုလုပ်ငန်းအသင်း၏ဥက္ကဋ္ဌဖြစ်သူ Eric Schweitzer က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ မြူးနစ်မြို့အခြေစိုက် စီးပွားရေး သုတေသန အဖွဲ့ အစည်း (ifo Institute) အရ ဗြိတိန်ခွဲထွက်မှုကိစ္စရပ်၏ ဂျာမနီစီးပွားရေး လုပ်ငန်းများ အပေါ် ထိခိုက်မှုမှာ အတိုင်းအတာတစ်ခုအထိသာ မှန်ကန်နိုင်ကြောင်း၊ အဆိုပါ အဖွဲ့အစည်း၏ စက်မှုလုပ်ငန်းကုမ္ပဏီပေါင်း(၂၂၀၀) အား ကောက်ယူခဲ့သည့် လစဉ်စစ်တမ်းအရ Brexit ၏ ရှုပ်ထွေးမှုများရှိနေသော်လည်း ဂျာမနီနိုင်ငံ၏ ပို့ကုန်ခန့်မှန်းချက်မှာ သိသိသာသာ မြင့်တက်ခဲ့သည်ကို တွေ့ရှိရကြောင်း သိရှိရပါသည်။ သို့ရာတွင် ဗြိတိန်ခွဲထွက်မှုကိစ္စရပ်သည် ယေဘုယျအားဖြင့် ကုမ္ပဏီများအပေါ်သိသာသော သက်ရောက်မှုရှိကြောင်းနှင့် B2B Sector တွင် ဂျာမနီကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုမှာ ယခုနှစ်တွင် သိသိသာသာကျဆင်းခဲ့ကြောင်းသိရှိရပါသည်။ Brexit စတင်ခဲ့သည့်အချိန်မှစ၍ ဂျာမနီနိုင်ငံ၏ စီးပွားရေးတိုးတက်မှုမှာ နှစ်စဉ် ၀.၂ ရာခိုင်နှုန်းကျဆင်းမှုရှိခဲ့ကြောင်း၊ Brexit စတင်ကြေညာခဲ့သည့် အချိန်မှဆိုလျှင် ဂျာမနီနိုင်ငံ၏ စီးပွားရေးတိုးတက်မှု ၀.၈ ရာခိုင်နှုန်း ဆုံးရှုံးခဲ့ခြင်းဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံ စီးပွားရေးသုတေသနအဖွဲ့အစည်း (German Institute of Economic Research) မှ ထွက်ချက်ထားပါသည်။ ခက်ခဲသော ဗြိတိန်ထွက်ခွာမှု ( Hard Brexit ) ဖြစ်ပေါ်ခဲ့ပါက ဂျာမနီနိုင်ငံ၏ တိုးတက်မှုနှုန်းထားမှာ လာမည့်နှစ်တွင် ၀.၄ ရာခိုင်နှုန်းဖြင့် ကျဆင်း မည်ဖြစ်ကြောင်း သုတေသီများက ခန့်မှန်းထားကြပါသည်။ no-deal Brexit ဖြင့် ဗြိတိန် ခွဲထွက်မှုဖြစ်ပေါ်ခဲ့ပါက ဂျာမနီနိုင်ငံအနေဖြင့် တစ်နှစ်လျှင် ယူရို (၁၀) ဘီလီယံခန့် ဝင်ငွေ ဆုံးရှုံးနိုင်မှုအတွက် ပြင်ဆင်ထားရမည်ဖြစ်ကြောင်းနှင့် သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းဖြင့် ဗြိတိန်ခွဲထွက်ခဲ့လျှင်မူ ဂျာမနီနိုင်ငံအတွက် ဝင်ငွေဆုံးရှုံးမှုထက်ဝက်ခန့်သို့ လျော့ကျနိုင်ပြီး ယူရို (၅) ဘီလီယံခန့်ရှိနိုင်သည်ဟု ဂျာမနီနိုင်ငံ စီးပွားရေးသုတေသန အဖွဲ့အစည်းအရသိရှိရပါသည်။ ဂျာမနီနိုင်ငံမှ ဗြိတိန်ကျွန်းစုများသို့ ပို့ကုန်တင်ပို့မှုမှာ နှစ်စဉ် ယူရို (၈၀) ဘီလီယံခန့်တန်ဖိုးရှိကြောင်းနှင့် ဂျာမနီနိုင်ငံ၏ အလုပ်အကိုင် (၇၅၀၀၀၀) ခန့် သည် ဗြိတိန်နှင့် စီးပွားရေးဆက်ဆံမှုအပေါ်တွင် မှီခိုနေခြင်းဖြစ်ကြောင်းသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ဘာရပ်ဆဲလ်**

## မြန်မာနိုင်ငံဘက်သို့ ထိုင်းနိုင်ငံဘက်မှ လျှပ်စစ်ဓာတ်အားပို့လွှတ်ရောင်းချရန် စီစဉ်



ထိုင်းနိုင်ငံပိုင်လုပ်ငန်းစုတစ်ခုဖြစ်သော လျှပ်စစ်စွမ်းအားဆိုင်ရာ အာဏာပိုင်အဖွဲ့သည် မြန်မာနိုင်ငံဘက်သို့ လျှပ်စစ်ဓာတ်အား ပို့ လွှတ်ရောင်းချမှုများပြုလုပ်ရန် ဆွေးနွေးခဲ့ကြောင်း ဘန်ကောက် ပို့စ်သတင်းဌာနကဖော်ပြသည်။ ထိုင်းမူဝါဒနှင့် စီမံကိန်းရေးဆွဲရေးဝန်ကြီးဌာန၏ ဒုတိယအကြီးအကဲအဖြစ် တာဝန်ယူနေသော ပါတာနာဆန်ဆရီ ရူဂျာနာ က ထိုင်းလျှပ်စစ်စွမ်းအားဝန်ကြီးအား ခေါ်ယူတွေ့ဆုံကာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရောင်းချမည့်အစီအစဉ်များအတွက် ဆွေးနွေးမှုများ

ပြုလုပ်ခဲ့သည်ဟု သက်ဆိုင်ရာဝန်ကြီးဌာနများက အတည်ပြုခဲ့သည်။ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရောင်းချမည့် အစီအစဉ်များအား ဖော်ဆောင်ရာတွင် လာအိုနိုင်ငံမှ ထွက်ရှိသော လျှပ်စစ်ဓာတ်အားများကို ထိုင်းနိုင်ငံအတွင်းသို့ပို့လွှတ်ပြီးနောက် ကမ္ဘောဒီးယားနှင့်မြန်မာ နိုင်ငံများဆီသို့ ထပ်ဆင့်ပို့လွှတ်ရောင်းချရန် စီစဉ်ထားသည်။ ပါတာနာဆန်ဆရီရှုဂျာနာက လျှပ်စစ်ဓာတ်အားပို့လွှတ်ရောင်းချမည့် အစီအစဉ်များအား ဖော်ဆောင်ရာတွင် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ လိုအပ်ချက်နည်းပါးသည့် ကမ္ဘောဒီးယားနိုင်ငံသို့ ဦးစွာပို့လွှတ်ရောင်းချနိုင်ဖွယ်ရှိနေပြီး ၂၀၂၃ ခုနှစ်တွင် မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံများဆီသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ရောင်းချမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်းပြောသည်။

**Source:** http://www.uniondaily.net/News/DetailView.aspx?id=136190&path=InternationalNews.aspx

## တရုတ်နိုင်ငံသို့တင်ပို့သည့် သစ်သီးယာဉ်များ အထောက်အထားပြည့်စုံမှသာ ဝင်ခွင့်ပြုဟုဆို

တရုတ်နိုင်ငံသို့ သစ်သီးတင်ပို့သည့်ယာဉ်များကို အထောက်အထားပြည့်စုံမှသာ ဝင်ရောက်ခွင့်ပြုနေကြောင်း မူဆယ်မြို့ သစ်သီးပွဲရုံများက နိုဝင်ဘာ ၄ ရက်တွင် ထုတ်ပြန်သည်။ ကုန်သည်များအနေဖြင့် သစ်သီးတင်ဆောင်ရန် ယာဉ်ခေါ်ယူရာတွင် ယာဉ်မောင်း၊ ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများ (ယာဉ်မောင်းလိုင်စင်၊ မှတ်ပုံတင်၊ ယာဉ်ဝိုးတက်၊ ယာဉ်လိုင်စင်) များ ပြည့်စုံမှုရှိ၊ မရှိ သေချာစစ်ဆေးပြီးမှသာခေါ်ယူရန် ထုတ်ပြန်ချက်က တိုက်တွန်းထားသည်။ ယာဉ်မောင်းလိုင်စင်၊ မှတ်ပုံတင်၊ ယာဉ်ဝိုးတက်နှင့် ယာဉ်လိုင်စင်များထဲမှ တစ်ခုမပါလျှင်ပင် ဝင်ရောက်ခွင့်ရရှိမည်မဟုတ်ဟု တရုတ်နိုင်ငံက အသိပေးထားကြောင်း ဖရဲ၊ သခွားအသင်းဥက္ကဌ ဦးနိုင်ဝင်းကပြောသည်။ သူတို့သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ရတာပေါ့။ ဝင် ခွင့်မရလို့ သုံးလေးရက်ကြာမယ်ဆိုရင် ကုန်တွေပုပ်လို့ဆုံးရှုံးနိုင်တယ်ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ မူဆယ်-ရွှေလီလမ်းကြောင်းမှ သစ်သီးတင်ယာဉ်ဝင်ရောက်မှု များပြားနေသဖြင့် တင်းကျပ်စွာစိစစ်နေပြီး မူးယစ်ဆေးဝါးသုံးစွဲခြင်းကိုပါ စစ်ဆေးနေသဖြင့် ကုန်သည်များအနေဖြင့် ဂရုစိုက်ငှားရမ်းရန် သစ်သီးပွဲရုံတာဝန်ရှိသူများက ပြောကြားသည်။ လတ်တလောဈေးကွက်အရ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရုတ်ဘက်သို့ ရာသီသီးနှံထွက်အဖြစ် ဖရဲသီးအဓိကတင်ပို့နေကြောင်း ကုန်သွယ်ရေးဇုန်ပွဲရုံများက ထုတ်ပြန် သည်။ ဖရဲသီးဝယ်လိုအားဈေးကွက်သည် တရုတ်နိုင်ငံကိုသာ အဓိကအားထားရသည့်အခြေအနေရှိပြီး လတ်တလော ဈေးကွက်အခြေအနေအရ တရုတ်နိုင်ငံတွင် ဖရဲသီးပေါ်ချိန်နှင့်တိုက်နေသည့်အပြင် ဝယ်လိုအားလျော့နည်းနေကြောင်း ဖရဲ၊ သခွားအသင်းဥက္ကဌ ဦးနိုင်ဝင်းကပြောသည်။

တရုတ်နိုင်ငံသို့ ဖရဲသီးတင်ပို့မှုမှ ၂၀၁၆-၁၇ ဘဏ္ဍာနှစ် ၆၆၀၀၁၆ တန်မှ ဒေါ်လာ ၇၆ ဒသမ ၈၇၄ သန်း၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ၈၀၀၄၂၄ တန်အ တွက် ဒေါ်လာ ၇၇ ဒသမ ၄၆ သန်းနှင့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ် တွင် ၇၄၈၄၇၂ တန် တင်ပို့မှုမှဒေါ်လာ ၆၆ ဒသမ ၄၅၂၉ သန်း ရရှိခဲ့သည်။

**Source: 7 day news**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2467-only-authorized-vehicles-are-allowed-to-enter-china.html

## ရန်ကုန်ဈေးကွက်သို့ တစ်ရက်လျှင် ဘဲဥသုံးသိန်း ဝန်းကျင်ဝင်ရောက်



ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ တစ်ရက်လျှင် ဘဲဥအလုံးရေ သုံးသိန်းဝန်းကျင်အထိ ဝင်ရောက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ကြက်ဥ၊ ဘဲဥ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအစုအဖွဲ့ အတွင်းရေးမှူး ဦးကြည်ဝင်း၏ ပြောဆိုချက်အရ သိရပါတယ်။ လတ်တလောတွင် ပြည်ပမှ ဘဲဥများ ဝင်ရောက်မှု မရှိဘဲ ဧရာဝတီတိုင်းဒေသကြီးရှိ ဘိုကလေး၊ ဖျာပုံ၊ ကျိုက်လတ်၊ မြောင်းမြ စသည့် မြို့နယ်တို့မှ အဓိကဝင်ရောက်လျက်ရှိပြီး မန္တလေးတိုင်း ဒေသကြီး မှလည်း အနည်းငယ် ဝင်ရောက်လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသ ကြီးမှ

ရေလမ်းကြောင်းမှတစ်ဆင့် တစ်ရက်လျှင် ပျမ်းမျှဘဲဥအလုံးရေ နှစ်သိန်းခွဲမှသုံးသိန်းဝန်းကျင်ဝင်ရောက်လျက် ရှိပြီး မန္တလေးတိုင်း ဒေသကြီးမှလည်း အဝေးပြေးဝင်းများမှတစ်ဆင့် ဝင်ရောက်လျက်ရှိပါတယ်။

ယခုနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီး အောက်ပိုင်း၌ ဘဲအကောင်ရေ တိုးချဲ့မွေးမြူမှုများရှိပြီး လတ်တလော ဘဲဥအထွက်နှုန်းနည်းပါးနေသေးသော်လည်း နောက်ပိုင်းတွင် ပိုမိုထွက်ရှိလာနိုင်ကြောင်းသိရပါတယ်။ လက်ရှိတွင် ဘဲဥတစ်လုံးလျှင် လက်ကားဈေးငွေကျပ် ၁၁၀ မှ ၁၁၅ ကျပ် ဝန်းကျင်ရှိပြီး ဘဲဥအထွက်နှုန်းများပြားလာပါက ဈေးနှုန်းထပ်မံကျဆင်းလာနိုင်သော်လည်း လက်ရှိဈေးနှုန်းသည် စားသုံးသူများအတွက် သင့်တင့်သည့်ဈေးနှုန်းဖြစ်ကြောင်း၊ ပြည်တွင်း၌ ဘဲဥအထွက်နှုန်းမှာ စားသုံးမှုအတွက် လုံလောက်စွာမရရှိချိန်တွင် ပြည်ပမှဝင်ရောက်လေ့ရှိပြီး တစ်လုံးလျှင် ငွေကျပ် ၂၀၀ အထိ ဈေးနှုန်းမြင့်တက်လေ့ရှိကြောင်းသိရသည်။ အပူချိန်မြင့်မားသည့် ကာလများတွင် ဘဲဥအထွက်နှုန်းကျဆင်း လေ့ရှိပြီး ယင်းကာလများ၌ ထိုင်းနိုင်ငံမှတင်သွင်းလေ့ရှိကြောင်း၊ ယင်းဘဲဥများကို မော်လမြိုင်မြို့မှတစ်ဆင့် ရန်ကုန်မြို့သို့မှာယူတင်သွင်းလေ့ရှိကြောင်းသိရပါတယ်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2471-about-300,000-egg-yolks-a-day-enter-the-yangon-market.html

## ဧရာဝတီတိုင်းတွင် ပေါ်ဆန်းရင်စပါးဈေး ၅ နှစ်အတွင်း အနိမ့်ဆုံးသို့ ရောက်ရှိ



ဧရာဝတီတိုင်းဒေသကြီးတွင် ပေါ်ဆန်းစပါးအုပ်စုဝင် ပေါ်ဆန်းရင်စပါးဈေးနှုန်းမှာ တင်း ၁၀၀ လျှင် ကျပ် ၇ သိန်း ၂ သောင်းကျပ် ပေါက်ဈေးရှိနေပြီး ယင်းဈေးနှုန်းမှာ ၅ နှစ်အတွင်း အနိမ့်ဆုံးဈေးနှုန်းဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီးရှိ လယ်သမားများနှင့် ဆန်စပါးကုန်သည်များထံမှ သိရသည်။ ပေါ်ဆန်းရင်စပါးက ပြီးခဲ့တဲ့ အောက်တိုဘာလကုန်ပိုင်းက ၇ သိန်း ၅ သောင်းဈေးရှိသေးတယ်။ ဒီရက်ပိုင်းကျမှ ထပ်ပြီး ၃ သောင်းဈေးကျသွားတယ်။ ပေါက်ဈေးသာဖွင့်ထားတာ ဝယ်မယ့်လူတောင်မရှိဘူး။ ပေါ်ဆန်းရင် အရောင်းအဝယ်တွေ မရှိသလောက်ကိုဖြစ်နေတာ။ လက်ရှိဈေးနှုန်းက ၂၀၁၅ နောက်ပိုင်းမှာ အနိမ့်ဆုံးပေါက်ဈေးပဲဟု ကန်ကြီးထောင့်မြို့နယ်မှ စပါးကုန်သည် ကိုမိချိုက ဧရာဝတီကိုပြောသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ဆန်ချောအုပ်စုဝင် ပေါ်ဆန်းရင်စပါးကို ပုသိမ်ခရိုင်နှင့် မြောင်းမြခရိုင်တွင် အဓိကစိုက်ပျိုးကြပြီး ၁ နှစ်လျှင် ၁ ကြိမ်သာ စိုက်နိုင်သည့် သက်ကြီးအုပ်စုဝင် စပါးဖြစ်သည်။ ပေါ်ဆန်းရင်စပါးကို မိုးတွင်းကာလဖြစ်သည့် ဇွန်လနှင့် ဇူလိုင်လတို့တွင် စတင်စိုက်ပျိုးကြပြီး နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင် စပါး ရိတ်သိမ်းလေ့ရှိသည်။ ဧရာဝတီတိုင်းရှိ ငွေကြေးတတ်နိုင်သည့် လယ်သမားများ၊ ဆန်ကုန်သည်များနှင့် ဆန်စက်ပိုင်ရှင်များမှာ နိုဝင်ဘာ၊ ဒီဇင်ဘာလတို့တွင် ရိတ်သိမ်းသည့် ပေါ်ဆန်းရင်စပါးကို ဝယ်ယူသိုလှောင်ထားပြီး နောင်နှစ် ပေါ်ဆန်းစပါးမပေါ်မီ စက်တင်ဘာ၊ အောက်တိုဘာလတို့တွင် ဈေးတက်ချိန်၌ သိုလှောင်ထားသည့် စပါးအဟောင်းများကို ပြန်လည်ထုတ်ရောင်းလေ့ ရှိကြသည်။ ယမန်နှစ် စပါးပေါ်စကာလဖြစ်သည့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ပေါ်ဆန်းရင်စပါးအဟောင်းဈေးမှာ တင်း ၁၀၀ လျှင် ၁၂ သိန်းကျပ်မှ ၁၃ သိန်းကျပ်အထိ အမြင့်ဆုံးဈေးနှုန်းသို့ စံချိန်တင်မြင့်တက်ခဲ့သည်။ သို့သော် ယခုနှစ် ကာလတူ အချိန်တွင် ပေါ်ဆန်းရင်စပါးဈေးမှာ ၇ သိန်းဝန်းကျင်ဈေးနှုန်းသို့ ထိုးကျသွားသည့်အတွက် ယမန်နှစ်ဈေးနှင့် ယှဉ်ပါက ၅ သိန်းခန့်အထိ ဈေးကျသွားခဲ့ခြင်း ဖြစ်သည်။

ပေါ်ဆန်းရင်စပါးမှာ ပြည်ပတင်ပို့မှု နည်းပါးပြီး ပြည်တွင်း၌ အဓိက စားသုံးကြကြောင်း၊ ယမန်နှစ်က ဈေးကောင်းရ သည့်အတွက် ပေါ်ဆန်းရင်စပါးစိုက်သည့်လယ်သမား များပြားလာခြင်း၊ ဈေးကွက်အတွင်း၌ ပေါ်ဆန်းရင် စပါး အဟောင်းလက်ကျန်များပြားနေခြင်းနှင့် မြန်မာပြည်အထက်ပိုင်းမှ ရွှေဘိုပေါ်ဆန်းမွှေးဆန်များ ဝင်ရောက်လာခြင်း ကြောင့် ပေါ်ဆန်းစပါးအုပ်စု ဝယ်လိုအားနည်းသွားပြီး ဈေးနှုန်းများ ကျဆင်းခြင်းဖြစ်ကြောင်း ဆန်ကုန်သည်များက ပြောဆိုသည်။

ပေါ်ဆန်းရင်က ပြည်ပပို့ရတာ သိပ်မရှိပါဘူး။ ပြည်တွင်းကပဲ အဓိက စားသုံးကြတာပါ။ ဘာကြောင့် ဈေးကျသလဲ ဆိုတော့ ပုသိမ်ဘက်ကို မြန်မာပြည်အထက်ပိုင်းက ရွှေဘိုပေါ်ဆန်းတွေ ဝင်လာတယ်။ အဲဒီတော့ ဒန်ပေါက်ဆိုင် တွေဆို အရင်တုန်းက ပုသိမ်ပေါ်ဆန်းသုံးရာကနေ အခု ရွှေဘိုပေါ်ဆန်းတွေ ပြောင်းသုံးတဲ့ အတွက် ပေါ်ဆန်းအုပ်စုက ဝယ်လိုအားကျသွားတယ်။ ဝယ်လိုအားကျတော့ စပါးဈေးလည်း ကျတာပေ့ါ"ဟု ပုသိမ်မြို့မှ ဆန်ကုန်သည် ဦးခင်မောင်လတ်က ပြောသည်။

ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က စံချိန်တင်ဈေးတက်ခဲ့သည့်အတွက် ငွေကြေးတတ်နိုင်သည့် လယ်သမားများ၊ ဆန်စက်ပိုင်ရှင်များနှင့် ဆန်ကုန်သည်များမှာ ပေါ်ဆန်းရင်စပါးများကို တင်း ၁၀၀ လျှင် ၁၀ သိန်းဝန်းကျင် ဈေးနှုန်းများဖြင့် ဝယ်ယူသိုလှောင်ခဲ့ကြသည်။ သို့သော် ဈေးကွက်ဝယ်လိုအား ကျဆင်းသည့်အတွက် စပါးဈေးလည်းကျဆင်းခဲ့ရာ ပေါ်ဆန်းရင်စပါး ဝယ်ယူသိုလှောင်သူများ အရှုံးပေါ်ခဲ့ကြသည်။ ပေါ်ဆန်းရင် ဝယ်လှောင်တဲ့လူတွေ တော်တော်များများ အရှုံးပေါ်ကြတယ်။ တချို့ဆို ၁၀ သိန်း၊ ၁၁ သိန်း ဈေးတွေနဲ့ ဝယ်လှောင်ထားပြီး ဈေးတွေထိုးကျတော့ ၈ သိန်းဈေးနဲ့ မနည်းပြန်ရောင်းရတယ်။ ပေါ်ဆန်းရင် စပါးက ၂၀၁၅ လောက် ကတည်းက ဈေးငြိမ်ပြီး အတက်ဘက်ကိုပဲ သွားနေတာ။ ဒီနှစ်ကျမှ ထင်မထားတဲ့ ဈေးနှုန်းတွေဖြစ်ကုန်တော့ လယ်သမားရော၊ ကုန်သည်ရော အထိနာကြတယ်"ဟု ကန်ကြီးထောင့်မြို့နယ်၊ သရက်ကွင်းရေကျော်ကြီးကျေးရွာမှ လယ်သမား ဦးဌေးဝင်းကပြောသည်။

လက်ရှိတွင် အချောစပါးအုပ်စုဖြစ်သည့် ပေါ်ဆန်းရင်စပါးဈေးနှုန်းများ ကျဆင်းနေသလို အကြမ်းစပါး ဈေးနှုန်း မှာလည်း ယမန်နှစ်ကထက် ကျပ် ၁ သိန်းခွဲခန့် ဈေးနှုန်းကျဆင်းခဲ့သည်။ ၂၀၁၈ ခုနှစ် မိုးစပါးပေါ်ချိန်တွင် အကြမ်းစပါး တင်း ၁၀၀ လျှင် အနိမ့်ဆုံး ၆ သိန်းမှ ၆ သိန်း ၂ သောင်းကျပ်အထိ ပေါက်ဈေးရှိခဲ့ပြီး ယခုနှစ်တွင် အနိမ့်ဆုံး ၄ သိန်းမှ အမြင့်ဆုံး ၄ သိန်း ၈ သောင်းကျပ်သို့ ဈေးများကျဆင်းခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီးတွင် လူဦးရေ ၆ ဒသမ ၃ သန်းကျော်ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းဝန်းကျင်ဖြစ်သည့်လူဦးရေ ၄ သန်းကျော်မှာ လယ်ယာလုပ်ငန်းကို အဓိကအားထားလုပ်ကိုင်သည့် လယ်သမား မိသားစုများ ဖြစ်သည်။ တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၆ ခု၌ မိုးစပါး စိုက်ဧကပေါင်း ၃ ဒသမ ၇ သန်းကျော်ရှိပြီး နွေစပါး စိုက်ဧက ၁ ဒသမ ၃ သန်းကျော်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး စာရင်းများအရသိရသည်။

**Source:** https://burma.irrawaddy.com/business/2019/11/06/207763.html

## မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုမြှင့်တင်ရန် အမေရိကန်က ဒေါ်လာ ၁၆၅ သန်း ကူညီမည်

မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်ဖို့အတွက် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီက ကန် ဒေါ်လာ ၁၆၅ သန်းတန် အစီအစဉ်တခုလုပ်ဆောင်ဖို့ရှိတယ်လို့ အမေရိကန်သံရုံးကထုတ်ပြန်ပါတယ်။ ဒါဟာ ဒေသတွင်းတာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး အားလုံးအကျုံးဝင်တဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို အမေရိကန်ပြည်ထောင်စုက ဆက်လက်အားပေးကူညီနေတဲ့အနေနဲ့ လုပ်ဆောင်ပေးတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်း စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကို အမေရိကန်ကုမ္ပဏီတွေက အလိုက်သင့် တုံ့ပြန်နေကြပြီး မြန်မာနိုင်ငံအတွင်း ဒီပြုပြင်ပြောင်းလဲမှုတွေကို နည်းပညာအကူအညီတွေကတဆင့် အမေရိကန်ပြည်ထောင်စုက အားပေးကူညီနေတယ်လို့လည်း သံရုံးထုတ်ပြန်ချက်မှာဖော်ပြပါတယ်။

အမေရိကန်နိုင်ငံရဲ့ အရှေ့အာရှနဲ့ ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်စတေးဝဲလ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်က မြန်မာနိုင်ငံကို လာရောက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခဲ့ပြီးနောက် ဒီသတင်းထွက်ပေါ်လာတာပါ။ အောက်တိုဘာ ၂၉ ရက်က နေပြည်တော်မှာ တွေ့ဆုံစဉ်အတွင်း မြန်မာနိုင်ငံရဲ့ ဒီမိုကရက်တစ် အပြောင်းအလဲနဲ့ စီးပွားရေးအသွင်ကူးပြောင်းမှုအတွက် အမေရိကန်ပြည်ထောင်စုက ဆက်လက်အားပေး ထောက်ခံကြောင်းနဲ့ တာဝန်သိရင်းနှီးမြှုပ်နှံမှုကိစ္စတွေ ဆွေးနွေးခဲ့ကြပါတယ်။ ဒါ့အပြင် အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဝေလ်ဘာရော့စ်ဟာလည်း မြန်မာစီးပွားရေးအဖွဲ့ခေါင်းဆောင်တွေနဲ့ ထိုင်းနိုင်ငံ ဘန်ကောက်မှာ ကျင်းပနေတဲ့ အင်ဒို-ပစိဖိတ် စီးပွားရေးဖိုရမ်မှာ တွေ့ဆုံခဲ့တယ်လို့ အမေရိကန်သံရုံးက ထုတ်ပြန်ထားပါတယ်။ ကိုကာကိုလာ၊ ရှဲဗရွန်၊ ဘောလ်၊ ဖို့ဒ်နဲ့ တီဗီဂျီရဲ့ အပိုလိုတာဝါ စတဲ့ အကြီးဆုံး အမေရိကန်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီကြီး ၅ ခုက မြန်မာနိုင်ငံမှာ ဒေါ်လာ ၁.၅ ဘီလီယံ ကျော် ရင်းနှီးမြှုပ်နှံထားသလို အာဆီယံဒေသတွင်းမှာ ပထမဆုံး အမေရိကန်စီးပွားရေးကော်နာကိုလည်း မန္တလေးမှာ ဒီနှစ်ဆန်းပိုင်းကဖွင့်ခဲ့ပါတယ်။

**Source: DVB TV News** https://www.facebook.com/kope.aung/posts/2483630025239541

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး (GDP) အရ လယ်ယာကဏ္ဍမှ ၂ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ရန်နှင့် သားငါးကဏ္ဍမှ ၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းထား



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး (GDP) အရ လယ်ယာကဏ္ဍတွင် ၂ ဒသမ ၃ ရာခိုင်နှုန်းနှင့် သားငါးကဏ္ဍမှ ၂ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၀၆ ဒသမ ၀၉၆ ထရီလီယံ နှင့် ၇ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ရာ ပထမခြောက်လပတ်တွင် ကျပ် ၆၇ ဒသမ ၁၈၆ ထရီလီယံရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၃ ဒသမ ၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ ပုံမှန်ဈေးနှုန်းအရ ၆ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး နှစ်ကုန်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၈ ရာခိုင်နှုန်းရရှိရန်ရည်မှန်းခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်းက ပြောကြားသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၁၉ ဒသမ ၀၂၃ ထရီလီယံရရှိရန် ခန့်မှန်းထားပြီး GDP တိုးတက်မှုနှုန်းကို ခုနစ်ရာခိုင်နှုန်းရရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း ၎င်းကဆိုသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကဏ္ဍကြီးများအလိုက် စီးပွားရေးတိုးတက်မှုကို လယ်ယာကဏ္ဍကြီးတွင် ၂ ဒသမ ၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၈ ဒသမ ၆ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၈ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားကြောင်းသိရသည်။ လယ်ယာကဏ္ဍကြီးတွင် ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့ တင်ပို့နိုင်ရန်၊ ဈေးကွက်ဝင်အထွက်ကောင်း မျိုးစေ့အဆင့်ဆင့်ထုတ်လုပ်ရန်၊ ငါး၊ ပုစွန်တိုးချဲ့မွေးမြူနိုင်ရန်နှင့် နည်းပညာအဆင့်မြှင့်တင်ရန်တို့ကို မျှော်မှန်းထားကြောင်းသိရသည်။ မြန်မာနိုင်ငံလူဦးရေ၏ ရာခိုင်နှုန်း ၇၀ သည် ကျေးလက်ဒေသတွင်နေထိုင်လျက်ရှိပြီး အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်မျှော်မှန်းချက် ပြည့်မီလွှမ်းခြုံနိုင်မည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမူဝါဒကို ပြင်ဆင်ရေးဆွဲခဲ့ကြောင်း သိရသည်။

မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့်ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (၂၀၁၈-၂၀၁၉ မှ ၂၀၂၂-၂၀၂၃ အထိ) ရေးဆွဲခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားခဲ့သည်။ အဆိုပါမဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၊ ကုလသမဂ္ဂ စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ အဖွဲ့ (FAO) ၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့တို့၏ နည်းပညာအကူအညီဖြင့် ပြုစုရေးဆွဲခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ယင်းသို့ ရေးဆွဲရာတွင် ဒုတိယကာလတိုငါးနှစ် လယ်ယာကဏ္ဍမူဝါဒနှင့်လုပ်ငန်းစဉ်များ(၂၀၁၆ ခုနှစ်)၊ အမျိုးသားစီးပွားရေးမူဝါဒ (၂၀၁၆ ခုနှစ်)၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးမူဘောင်၊ အမျိုးသားအဆင့်ဘက်စုံဖွံ့ဖြိုးရေးအနာဂတ်လားရာ မျှော်မှန်းချက်၊ အမျိုးသားအဆင့် ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အမျိုးသားပို့ကုန်မြှင့်တင်ရေးမဟာဗျူဟာစသည့် မူဘောင်များအတွင်းက ရေးဆွဲထားခြင်းဖြစ်သည့်အတွက် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူကဆိုသည်။

**Source:** https://news-eleven.com/article/144080

## လက်ရှိဘဏ္ဍာနှစ် တစ်လခန့်တွင် ယခင်နှစ် ကာလတူထက် ပဲမျိုးစုံတင်ပို့မှု တန်ချိန် ၃၀၀၀၀ ခန့် လျော့ကျခဲ့သော်လည်း ယင်းကာလအတွင်း ပဲဈေးမြင့်တက်သဖြင့် ဝင်ငွေဒေါ်လာ ငါးသန်းကျော်ပိုမိုရရှိခဲ့



လက်ရှိဘဏ္ဍာနှစ် တစ်လခန့်တွင် ယခင်နှစ်ကာလတူထက် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုတန်ချိန် ၃၀၀၀၀ ခန့် လျော့ကျခဲ့သော်လည်း ယင်းကာလအတွင်း ပဲဈေးနှုန်းမြင့်တက်ခဲ့သဖြင့် ဝင်ငွေဒေါ်လာ ငါးသန်းကျော် ပိုမိုရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ၂၅ ရက်အထိ ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ရှစ်သောင်းကျော်တင်ပို့ထားပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၅၆ သန်းကျော်ရရှိထားသည်။

ပဲမျိုးစုံကတော့ လက်ရှိမှာ တန်ချိန် ၈၀,၀၀၀ ကျော်ပေါ့ ဝင်ငွေကတော့ ၅၆ ဒသမ ၂၂၉ သန်းပေါ့။ ကာလတူထက်ယှဉ်ရင် တန်ချိန် နှစ်သောင်းကိုးထောင်လောက်နည်းတဲ့ အနေအထားမှာရှိတယ်။ ဝင်ငွေရတာပေါ့ ပိုနေတယ်။ ဘယ်လောက်လဲဆိုတော့ ဒေါ်လာ ၅ သန်းလောက်ပိုနေတယ်။ တန်ချိန်တော့ နည်းသွားတယ် ဝင်ငွေကတော့ပိုလာတယ်။ အဓိကတော့ ဈေးနှုန်းကြောင့် ပေါ့ဟု လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောကြားသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ အဓိကတင်ပို့နေသည့် ပဲအမျိုးအစားများမှာ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံတို့ဖြစ်သည်။ မတ်ပဲနှင့် ပဲစင်းငုံကို အိန္ဒိယနိုင်ငံက အဓိကဝယ်ယူနေခြင်းဖြစ်ပြီး ပဲတီစိမ်းကို ဥရောပနိုင်ငံတချို့နှင့် တရုတ်နိုင်ငံက ဝယ်ယူနေခြင်းဖြစ်ကြောင်းသိရသည်။ ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင် ကုန်စည်ဒိုင်မှ ထုတ်ပြန်ချက်များအရ ၂၀၁၉ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပြည်တွင်းမတ်ပဲဈေး FAQ တစ်တန်လျှင် ကျပ် ၇၅၂၅၀၀၀ နှင့် SQ တစ်တန်လျှင် ကျပ် ၈၉၇၅၀၀၀ ဈေးဖြင့် အရောင်းအဝယ်ရှိခဲ့ပြီး စက်တင်ဘာ ၂ ရက်တွင် ပြည်တွင်းမတ်ပဲဈေး FAQ တစ်တန်လျှင် ကျပ် ၇၅၃၀၀၀၀ နှင့် SQ တစ်တန်လျှင် ကျပ် ၈၉၈၀၀၀၀ ဈေးဖြင့် အရောင်းအဝယ်ရှိခဲ့သည်။ အောက်တိုဘာ ၄ ရက်က မတ်ပဲဈေး FAQ တစ်တန်လျှင် ကျပ် ၈၅၃၀၀၀၀ နှင့် SQ တစ်တန်လျှင် ကျပ် ၁၀၁၅၀၀၀၀ ဈေးရှိခဲ့သည်။ စက်တင်ဘာ ၆ ရက်က မတ်ပဲဈေး FAQ တစ်တန်လျှင် ကျပ် ၇၂၅၀၀၀၀ နှင့် SQ တစ်တန်လျှင် ကျပ် ၈၆၂၀၀၀၀ဈေး၊ စက်တင်ဘာ ၉ ရက်တွင် မတ်ပဲဈေး FAQ တစ်တန်လျှင် ကျပ် ၇၄၅၀၀၀၀ နှင့် SQ တစ်တန်လျှင် ကျပ် ၈၈၂၀၀၀၀ ဈေးရှိခဲ့သည်။ စက်တင်ဘာ ၁၀ ရက်က မတ်ပဲဈေး FAQ တစ်တန်လျှင် ကျပ်ရ၅၀၀၀၀ နှင့် SQ တစ်တန်လျှင် ကျပ် ၈၈၅၀၀၀၀ ဈေးအထိရှိလာပြီး စက်တင်ဘာ ၁၁ ရက်တွင် မတ်ပဲဈေး FAQ တစ်တန်လျှင် ကျပ် ၇၅၄၀၀၀၀ နှင့် SQ တစ်တန်လျှင် ကျပ် ၈၈၉၀၀၀၀ ဈေးအထိ မြင့်တက်ခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။

မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များတွင် နိုင်ငံခြားငွေ အများဆုံးရှာဖွေပေးလျက်ရှိသည့် ပဲမျိုးစုံတိုးချဲ့တင်ပို့နိုင်ရေး အတွက် စီးပွားရေးနှင့်ကူးသန်းရောင်း်ဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများအနေဖြင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့သို့ ထပ်မံသွားရောက်ခဲ့ပြီး ပဲမျိုးစုံအား နှစ်နိုင်ငံ G to G လက်မှတ်ရေးထိုး တင်ပို့နိုင်ရေး ထပ်မံညှိနှိုင်းခဲ့ကြပြီး G to G မတိုင်မှ အချက်သုံးချက် တောင်းဆိုခဲ့ကြောင်း၊ ပထမအချက်အနေဖြင့် ယခုနှစ် အတွက် တင်သွင်းခွင့် ခွဲတမ်းထုတ်ပြန်ချက်အား မတ်လကုန်၌ ထုတ်ပြန်ပေးရန်၊ ဒုတိယအချက်အနေဖြင့် မတ်ပဲကိုခွဲတမ်းပို၍ သတ်မှတ်ပေးရန်နှင့် တတိယအချက်အနေဖြင့် ခွဲတမ်းကို သုံးလသာမဟုတ်ဘဲ တစ်နှစ်ပတ်လုံးတင်သွင်းခွင့်ပြုပေးရန် တောင်းဆိုခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်း်ဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။

**Source:** https://news-eleven.com/article/144103

## အပူပိုင်းဇုန်မြို့များ ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးဆိုင်ရာစီမံကိန်း မိတ်ဆက်မည်

ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်း ဆိုင်ရာ တန်ဖိုးကွင်းဆက် စီမံကိန်းအကြောင်း မိတ်ဆက်ဆွေးနွေး ရှင်းလင်းပွဲ ကို မုံရွာမြို့ ဝင်းယူနတီဟိုတယ်တွင် နိုဝင်ဘာ ၆ ရက်၌ ကျင်းပမည်ဖြစ်သည်။ စီမံကိန်းကို



အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေနှင့် ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး အစီအစဉ် (GAFSP) အထောက်အပံ့ဖြင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက် ရှိ ဦးစီးဌာနရှစ်ခုတို့က စစ်ကိုင်း၊ မန္တလေးနှင့်မကွေးတိုင်းတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

မကွေးတိုင်းရဲ့ ရာခိုင်နှုန်း ၉၀၊ မန္တလေးတိုင်းရဲ့ ရာခိုင်နှုန်း ၈၀ နဲ့ စစ်ကိုင်းတိုင်းရဲ့ ရာခိုင်နှုန်း ၂၀ တွေဟာ အပူပိုင်းဇုန်မှာ ပါပါတယ်။ အပူပိုင်းဇုန်ဒေသမှာ မြန်မာနိုင်ငံအတွက် အရေးပါတဲ့ မြေပဲနဲ့ နှမ်းဟာ သီးနှံတွေစိုက်တဲ့ ဒေသဖြစ်ပါတယ်။ အပူပိုင်းဇုန်ဒေသဟာ မြန်မာနိုင်ငံရဲ့ ၁၂ ရာခိုင်နှုန်းသော မြေဧရိယာမှာတည်ရှိပြီး မြန်မာနိုင်ငံလူဦးရေရဲ့ ၂၅ ရာခိုင်နှုန်း ဟာလည်း အပူပိုင်းဇုန်ဒေသမှာ နေထိုင်ကြတယ်လို့ သိရပါတယ်ဟု စစ်ကိုင်းတိုင်း စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦးကရှင်းပြသည်။ စီမံကိန်းမိတ်ဆက်ဆွေးနွေးရှင်းလင်းပွဲများကို နိုဝင်ဘာ ၄ ရက်က မန္တလေးတိုင်း မန္တလေးမြို့ မန္တလေးဟိုတယ်တွင်လည်းကောင်း၊ နိုဝင်ဘာ ၆ ရက်တွင် စစ်ကိုင်းတိုင်း မုံရွာမြို့ ဝင်းယူနတီဟိုတယ်တွင်လည်းကောင်း၊ နိုဝင်ဘာ ၈ ရက်တွင် မကွေးတိုင်း မကွေးမြို့ နန်းထိုက်သူဟိုတယ်တို့တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/130488.html

## မြန်မာ၊ ကမ္ဘောဒီးယားနဲ့အကြား လျှပ်စစ်အရောင်းအဝယ်လုပ်ဖို့ ထိုင်းဆွေးနွေးမည်



ထိုင်းနိုင်ငံက ထုတ်လုပ်တဲ့ လျှပ်စစ်ဓာတ်အား စုစုပေါင်း ၅၀၀ မဂ္ဂါဝပ်ကို အရောင်းအဝယ်လုပ်ရေးနဲ့ပတ်သက်လို့ ကမ္ဘောဒီးယား၊ မြန်မာနိုင်ငံတို့က လျှပ်စစ်ဓာတ်အားဆိုင်ရာ အာဏာပိုင်တွေနဲ့ ဆွေးနွေးဖို့ ထိုင်းနိုင်ငံပိုင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအာဏာပိုင်အဖွဲ့ Egat က စီစဉ်နေလျက်ရှိပါတယ်။

ရှေ့ကာလမှာ ဓာတ်အား ရောင်းဝယ်မှုနဲ့ပတ်သက်လို့အထက်ပါ မြန်မာ၊ ကမ္ဘောဒီးယား အစိုးရနှစ်ရပ်နဲ့အကြား တွေ့ဆုံဆွေးနွေးဖို့ ထိုင်းစွမ်းအင်ဝန်ကြီး Sontirat Sontijirawongက ညွှန်ကြားထားကြောင်း Egat ရဲ့ မူဝါဒရေးရာနဲ့ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ deputy governor ဖြစ်တဲ့ Patana Sangsriroujana က ပြောသွားပါတယ်။ မြန်မာထက်စာရင် ကမ္ဘောဒီးယားဆီ ဓာတ်အားရောင်းချမှုကပို မြန်မြန်ဆန်ဆန်ဖြစ်လာနိုင်ပါတယ်၊ ဘာလို့ဆိုတော့ကမ္ဘောဒီးယားမှာက လျှပ်စစ်ဖြန့်ဖြူးရေး လိုင်းတစ်ချို့တည်ဆောက်ထားပြီးဖြစ်လို့ပါလို့ Mr Patana ကပြောသွားပါတယ်။ မြန်မာမှာတော့ လျှပ်စစ်ဓာတ်အား အခြေခံအဆောက်အအုံအတွက် ရင်းနှီးမြှုပ်နှံမှုသစ်တွေလိုနေပါသေးတယ်လို့ ၎င်းကပြောသွားပါတယ်။ အဆိုပါနှစ်နိုင်ငံစလုံးထံ လျှပ်စစ်ရောင်းချမှုကို လာမယ့် ၂၀၂၃ မှာ စတင်သွားသင့်ကြောင်း ၎င်းကပြောသွားပါသေးတယ်။

**Source:** https://www.bangkokpost.com/business/1787454/

https://www.facebook.com/SFJWeekly/photos/a.361167873970511/2773453649408576/?type=3&theater

## ကုန်သွယ်ရေးစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ASEAN+3 ထိပ်သီးညီလာခံတွင် တိုက်တွန်း




ကုန်သွယ်ရေးစိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းဖို့ အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်ရေးက အရေးပါတယ်လို့ တရုတ်၊ တောင်ကိုရီးယားနဲ့ ဂျပန်ခေါင်းဆောင်တွေက အလေးပေး ပြောဆိုလိုက်ပါတယ်။ အာဆီယံနဲ့အရှေ့အာရှ ၃ နိုင်ငံ ထိပ်သီး ညီလာခံအတွင်း နိုဝင်ဘာ ၄ ရက်နေ့က ခုလို ပြောလိုက်တာပါ။ ကမ္ဘာ့ကုန်သွယ်ရေးနဲ့ သဘာဝပတ်ဝန်းကျင် အရေးကိစ္စတွေကို အာဆီယံခေါင်းဆောင်တွေနဲ့အတူ တရုတ်ဝန်ကြီးချုပ် လီကီချန်း၊ တောင်ကိုရီးယားသမ္မတ မွန်းဂျေးအင်းနဲ့ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးတို့ ဆွေးနွေးခဲ့ကြပါတယ်။

ကုန်သွယ်ရေးအပြင် အရှေ့တောင်အာရှနဲ့ အရှေ့အာရှဒေသတွင်း ၂၀၅၀မှာ ပင်လယ်ပြင် ညစ်ညမ်းမှုလျှော့ချဖို့ ဂျပန်က ကနဦးခြေလှမ်းတွေကို တိုးမြှင့်လုပ်ဆောင်သွားမယ်လို့ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေကပြောပါတယ်။ ကမ္ဘာ့စီးပွားရေး တိုးတက်နှုန်းနှေးနေတာနဲ့အတူ လက်ရှိကမ္ဘာ့အခြေအနေဟာ ရှုပ်ထွေးခက်ခဲမှုတွေ နက်နဲသိမ်မွေ့မှုတွေနဲ့အတူ စိန်ခေါ်မှုအသစ်တွေ ပိုကြီးတဲ့ဖိအားတွေကို တွေ့ကြုံနေရတယ်၊ ASEAN+3 ပူးပေါင်းဆောင်ရွက်မှုဟာ အဖိုးတန်တဲ့ အတွေ့အကြုံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုရဲ့ အင်အားတွေကိုကမ်းလှမ်းပြီး ဒေသတွင်းနိုင်ငံတွေကြားမှာ ယုံကြည်မှုတိုးမြှင့်ဖို့ ကူညီလိမ့်မယ်လို့ တရုတ်ဝန်ကြီးချုပ်ကပြောပါတယ်။

ကျနော်တို့ဟာ လွတ်လပ်စွာ ကုန်သွယ်ရေး အစီအစဉ်ကို ပြင်ပ သြဇာတွေကနေ ကာကွယ်ဖို့ လိုအပ်တယ်၊ ကမ္ဘာ့စီးပွားရေးကိုလည်း မျှခြေကျယ်ပြန့်လာဖို့ လမ်းကြောင်းပေါ်ကို ပြန်တင်ရမယ် ASEAN+3 ခေါင်းဆောင်တွေဟာ ဒီအရေးအတွက် ပူးပေါင်းဆောင်ရွက်ရာမှာ အချက်အချာကျတဲ့ အခန်းကဏ္ဍကနေ ပါဝင်နိုင်မယ်လို့ ကျနော်မျှော်လင့်တယ်လို့ တောင်ကိုရီးယားသမ္မတ မွန်းဂျေးအင်းကပြောပါတယ်။ အာဆီယံထိပ်သီးညီလာခံနဲ့ အာဆီယံအရှေ့အာရှ ၃ နိုင်ငံ ထိပ်သီးညီလာခံတွေကို ထိုင်းနိုင်ငံမှာ နိုဝင်ဘာ ၂ ရက်က စပြီး ၄ ရက်နေ့အထိ ၃ ရက်ကြာ ကျင်းပနေတာပါ။ ဒီနှစ်ညီလာခံအတွင်း အာရှဆယ့်ငါးနိုင်ငံဟာ ကမ္ဘာ့အကြီးဆုံး ကုန်သွယ်ရေးသဘောတူညီချက်ဖြစ်လာမယ့် စာချုပ်အတွက် စည်းကမ်းချက်တွေသတ်မှတ်ချက်တွေကို သဘောတူခဲ့ကြပါတယ်။ အိန္ဒိယအစိုးရကတော့ သိသာတဲ့အကောက်ခွန်နဲ့တခြားအရေးတွေမှာ မတူခြားနားမှုတွေကြောင့် ဒီသဘောတူညီချက်မှာ ပူးပေါင်းဖို့မဆုံးဖြတ်သေးဘဲ အချိန်ယူနေခဲ့ပါတယ်။ ထိုင်းနိုင်ငံက ဒီနှစ်မှာ အာဆီယံရဲ့ အလှည့်ကျဥက္ကဋ္ဌဖြစ်ပြီး လာမယ့်နှစ်အတွက် အလှည့်ကျဥက္ကဋ္ဌနေရာကို ဗီယက်နမ်နိုင်ငံဆီလွှဲပေးခဲ့ပါတယ်။

**Source: DVB TV News**

https://www.facebook.com/kope.aung/posts/2483626721906538

## ကမ္ဘာ့ရွှေဈေးအနည်းငယ်ကျဆင်း

အမေရိကန်နဲ့ တရုတ်အကြား ကုန်သွယ်ရေး သဘောတူညီချက်တစ်ခု ယခုလထဲမှာ လက်မှတ်ထိုးနိုင်ဖွယ် ရှိတယ်ဆိုတဲ့ အလားအလာတွေကြောင့် နိုဂင်ဘာ ၄ ရက်မှာတော့ ကမ္ဘာ့ရွှေဈေးကျဆင်းခဲ့တယ်လို့သိရပါတယ်။ ယင်းနေ့မှာ Spot gold ရွှေဈေးဟာ ဂ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး တစ်အောင်စလျှင် ကန်ဒေါ်လာ ၁၅၁၁ ဒသမ ၂၇ မှာ ရှိနေပါတယ်။ အမေရိကန် ရွှေကြိုပွိုင့်ဈေးကတော့ ဂ ဒသမ ၂ ရာခိုင်နှုန်းတက်ပြီး တစ်အောင်စကို ဒေါ်လာ ၁,၅၁၄ ဒသမ ၁ဂ မှာရှိနေပါတယ်။ ၁၆ လ တာ ကြာမြင့်နေခဲ့ပြီး ကမ္ဘာ့စီးပွားရေးကို ထိခိုက်ထားစေခဲ့ပြီဖြစ်တဲ့ ကုန်သွယ်ရေးစစ်ကို အရှိန်လျှော့နိုင်ဖို့ ရည်ရွယ်တဲ့ဆွေးနွေးမှုတွေဟာ တိုးတက်မှုတွေ ရထားပြီဖြစ်ကြောင်း အမေရိကန်နဲ့ တရုတ် အာဏာပိုင်တွေက ပြီးခဲ့တဲ့အပတ်က ထုတ်ဖော်ထားခဲ့တာဖြစ်ပါတယ်။ အလားတူနှစ်နိုင်ငံအကြား ကုန်သွယ်ရေးသဘောတူညီချက်တစ်ခုကို ယခုလထဲမှာ လက်မှတ်ထိုးနိုင်ဖွယ်ရှိတယ်လို့လည်း အမေရိကန်တာဂန်ရှိသူတွေက ပြောထားခဲ့ပါတယ်။

**Source:** https://www.businesstimes.com.sg/…/gold-prices-dip-on-trade…

SFJ Strategy First Journal

## မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ဆန်ကားများ ဝင်ရောက်မှု ယခင်နှစ်ထက်လျော့နည်း

မြန်မာနိုင်ငံအတွင်း မန္တလေး၊ ရန်ကုန်၊ ပြည်၊ ဧရာဝတီ၊ ပဲခူး၊ ဒိုက်ဦး၊ ဖြူး၊ ညောင်လေးပင်၊ ရေဦး၊ ရွှေဘို စသည့် ဒေသများမှ ထွက်ရှိသောဆန်များကို မူဆယ်နယ်စပ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ကားကြီးကားလေး အသွယ်သွယ်ဖြင့် တင်ပို့လေ့ရှိရာ ယခုနှစ် ဆန်ကားဝင်ရောက်မှုမှာ ပြီးခဲ့သည့်နှစ် အလားတူကာလ ဆန်တင်ကားဝင်ရောက်မှုနှင့်နှိုင်းယှဉ်ပါက ဆန်ကားဝင်ရောက်မှု လျော့နည်းလျက်ရှိသည်။ တရုတ်ဘက်က မှောင်ခိုတားဆီးစီမံချက်တွေလုပ်ပါတယ်။ ဝင်လာတဲ့ လမ်းကြောင်းတွေမှာ စောင့်ပြီးဖမ်းဆီးမှုတွေရှိသလို လမ်းကြောတစ်လျှောက်မှာ ကင်မရာတွေလည်းတပ်ထားတယ်။ အနီးအနားမှာ ရွာသူရွာသားတွေနဲ့ပေါင်းပြီး အစောင့်ချထားတာတွေလည်းရှိတယ်။ တရားမဝင်တင်ပို့ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့ဘူး။ တရုတ်နိုင်ငံအနေနဲ့ သူတို့ဘက်မှာ ဘိန်းအစားထိုးခွဲတမ်းဆိုပြီးရှိတယ်။ တရုတ်နိုင်ငံ လိုအပ်ချက်အရ ပေးရတဲ့ ခွဲတမ်းတွေရှိတယ်။ ဒါတွေကို အခြေခံပြီး မြန်မာဘက်ကဆန်တွေကို ယူနေတာဖြစ်ပါတယ်။ တရားမဝင်တင်ပို့ခွင့်ရတာတောင် မြန်မာဘက်က ဆန်တစ်အိတ်ကို ကားခမပါ ယွမ် ၆၀ လောက် သူတို့ဘက်က ခွဲတမ်းကျလို့ လိုင်စင်ရထားတဲ့သူတွေကို ပေးရပါတယ်။ ဒါကြောင့် ဆန်ဈေးအနည်းငယ်တက်နေတာဖြစ်ပါတယ်။ ဆန်မှာ အတိုစ၊ အရှည်စဆိုပြီး နှစ်မျိုးရှိပါတယ်။ အတိုစကတော့ ပါမစ်လုံးဝမရှိပါဘူး။ ဆန်တင်ပို့မှုက ယခင်ထက် အများကြီး လျော့နေပါသေးတယ်ဟု မူဆယ်ဆန်စပါးကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဘိုဦးကပြောသည်။ ယခုနှစ်အတွင်း မူဆယ်မြို့ နယ်စပ်သို့ ဆန်ကားများဝင်ရောက်နေသော်လည်း ယခင်နှစ်ထက်လျော့နည်းလျက်ရှိကြောင်း၊ လက်ရှိ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ဆန်များကို တရားဝင်လမ်းကြောင်းမှတစ်ဆင့် လိုင်စင်ဖြင့်တင်ပို့ခြင်းကို ခွင့်ပြုထားသော်လည်း ဆန်အလုံးအရှည်ပေါ်မူတည်ပြီး ကန့်သတ်ထားသဖြင့် ဆန်အမျိုးအစားအချို့မှာ လိုင်စင်ဖြင့်တရားဝင်သွားရန် သတ်မှတ်ချက်နှင့်မကိုက်ညီသည့် အခက်အခဲရှိကြောင်း၊ ယင်းဖြစ်စဉ်နောက်ဆက်တွဲကြောင့် အရောင်းအဝယ်ဒိုင်များ၊ အလုပ်သမားများ၊ ကားသမားများသာမက မြန်မာနိုင်ငံတွင်းနေရာများမှ စပါးစိုက်တောင်သူများအတွက် အခက်အခဲဖြစ်ထိခိုက်နစ်နာကြရကြောင်း ဆန်ကုန်သည်များက သုံးသပ်ပြောသည်။

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ကို လယ်ယာထွက်ကုန်တွေ တင်ပို့မှုကအများဆုံးဖြစ်ပါတယ်။ ဆန်တင်ပို့မှုအနေနဲ့ မနှစ်က ၂၀၁၈-၂၀၁၉ ခုနှစ်တွေမှာ ဆန်တင်ပို့မှု တန်ချိန် စုစုပေါင်း ၄၇၇၀၀၀ တန်ဖိုး အားဖြင့် အမေရိကန် ဒေါ်လာ ၁၄၄ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၉ အောက်တို ဘာလမှာ ယာဉ်အစီးရေ ၁၅၁၈ နဲ့ ဆန်တန်ချိန် ၃၄၃၀၀ကျော် တန်ဖိုး အားဖြင့် ကန်ဒေါ်လာ ၉ ဒသမ ၄ သန်းဖိုး တင်ပို့နိုင်ပြီးတော့ ၂၀၁၈နှစ် အောက်တိုဘာလကတော့ ယာဉ်အစီး ရေ ၁၈၂၆စီးနဲ့ ဆန်တန်ချိန် ၄၃၂၀၀ ၊ တန်ဖိုးအားဖြင့် ဒေါ်လာ ၁၅ သန်း ကျော် တင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။ မနှစ်ကနဲ့ ဒီနှစ် အောက်တိုဘာလ တင်ပို့နိုင်မှု နှိုင်းယှဉ်မယ်ဆိုရင် တန်ချိန် ၈၉၀၀ လျော့နည်းပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၅ ဒသမ ၇ သန်း လျော့နည်းတဲ့ အခြေအနေဖြစ်ပါ တယ်။ ဘာကြောင့်လဲဆိုတော့ ဆန်တင်ပို့မှုက ပင်လယ်ရေကြောင်း တင်ပို့ မှုကလည်း များလာတယ်။ ပြည်တွင်း ဆန်လက်ကျန်ကလည်း နည်းသွား တာလည်းပါတယ်။ နှစ်နိုင်ငံ နယ်စပ် ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေး ကော်မတီဆိုတာရှိပါတယ်။ ကော်မတီမှာတော့ ကုန်သွယ်ရေးဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ်ဦးဆောင်တဲ့အဖွဲ့နဲ့ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်တဲ့အဖွဲ့က နှစ်စဉ်ကုန်သွယ်မှုနဲ့ပတ်သက်တဲ့ အခက်အခဲတွေကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကလည်း တစ်နှစ်တစ်ကြိမ် မြန်မာနိုင်ငံတစ်လှည့် တရုတ်နိုင်ငံမှာ တစ်လှည့်စီ အစည်းအဝေး ပြုလုပ် ဆွေးနွေးလျက်ရှိပါတယ်။ ဒီနှစ်မှာဆိုရင်လည်း တရုတ်နိုင်ငံ ရွှေလီမြို့မှာ (၁၄) ကြိမ်မြောက် တရုတ်-မြန်မာနှစ်နိုင်ငံကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းမှု ကော်မတီအစည်းအဝေး တက်ရောက်ဖို့ရှိပါမယ်။ ဒီအစည်းအဝေးမှာ မြန်မာနိုင်ငံက လယ်ယာထွက်ကုန်တွေဖြစ်တဲ့ ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာအစရှိတဲ့ သစ်သီးဝလံတွေကို အရောင်းအဝယ်ကိစ္စ ညှိနှိုင်းသွားဖို့ ဆောင်ရွက်လျက်ရှိပါတယ်ဟု ကုန်သွယ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံဖြိုးဝေက ပြောသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2406430069597487?__tn __=K-R

# STOCK EXCHANGE (6.11.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 6th Nov. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,000 | 461 | 5,251,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,950 | +0 | +0.00% | 3,900 | 3,950 | 3,900 | 3,854 | 15,168,300 | 38,929,150 | 153,770 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 21 | 483,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,950 | -50 | -1.67% | 2,950 | 2,950 | 2,950 | 96 | 283,200 | 12,823,224 | 37,829 |

## Market summary

As of 6th Nov. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 470.67 | -0.47 | -0.10% | 469.72 | 470.67 | 460.77 | 4,432 | 21,186,000 | 5 | 644,501 |

### Index chart




## Market Overview

As of 12:00 pm, 6th Nov. 2019

| MYANPIX | 470.67 ▼0.47 |
|---|---|
| Total Volume (shares) | 2,716 |
| Total Value (MMK) | 14 mil |
| Listed Company | 5 |
| Market Cap. (MMK) | 644,501 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲0 |
| MTSH | 00002 | 3,950 | ▲0 |
| MCB | 00003 | 8,100 | ▲0 |
| FPB | 00004 | 23,000 | ▲0 |
| TMH | 00005 | 2,950 | ▼50 |